## ကရင်အမျိုးသမီးအစည်းအရုံးကကမ္ဘာ့ဒုက္ခသည်နေ့တွင် ဒေသစည်းညီညွတ်ရေးနှင့် ရည်ရှည်ခံသောဖြေရှင်းမှုတို့အတွက် တိုက်တွန်းလိုက်သည်။

၂၀၂၀ ခုနှစ် ဇွန်လ ၂၀ ရက်။ ထိုင်း-မြန်မာနယ်စပ်တလျှောက်တွင် နေထိုင်ကြသောဒုက္ခသည်များ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးသည့် ရေရှည်တည်မြဲသောဖြေရှင်းမှုများကိုဖော်ဆောင်ရန် ကရင်အမျိုးသမီးအစည်းအရုံး (KWO)က ယနေ့ကျရောက်သောကမ္ဘာ့ဒုက္ခသည်များနေ့တွင် တိုက်တွန်းလိုက်သည်။ ဒုက္ခသည်များသည် နှိပ်စက်ညှင်းပန်းမှုများမှ ထွက်ပြေးတိမ်းရှောင်နေရသည်မှာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီဖြစ်ပါသည်။ အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ကြရသော်လည်း ဒုက္ခပေါင်းစုံကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ကြသည့် ဒုက္ခသည်ပေါင်း ၉၀,၀၀၀ ကျော်ရှိသည်။ ကရင်ပြည်နယ်နှင့် တိုင်းရင်သားဒေသများတွင် ဆက်လက်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအားလုံးကို ကရင်အမျိုးသမီးအစည်းအရုံး(KWO)က ရှုတ်ချသည်။

ကရင်အမျိုးသမီးအစည်းအရုံး (KWO)သည် ဒုက္ခသည်များအတွက် ပြောင်းရွှေ့နေရာချထားခြင်း၊ နေရပ်ပြန်ခြင်းနှင့် ဒေသခံအသိုင်းအဝိုင်းများအကြား ပြန်လည်နေရာယူခြင်းစသည့် ရေရှည်ဖြေရှင်းမှုနည်းလမ်း (၃) သွယ်ကို နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ အကြံပြုထားသည်။ ပြောင်းရွှေ့နေရာချထားခြင်းလုပ်ငန်းများကို ရပ်ဆိုင်းထားစဉ်တွင် အချို့သူများအတွက် နေရပ်ပြန်ရန် အလျဉ်းသင့်သည့်အတွက် နှေးကွေးသည့် လုပ်ငန်းစဉ်ဖြစ်သော်လည်းဒုက္ခသည်ပေါင်း ၁၀၀၀ ကျော် မြန်မာနိုင်ငံသို့ ပြန်ရောက်နိုင်ခဲ့ကြသည်။ နေရပ်ပြန်ရန်ရွေးချယ်ခြင်းနှင့် စိတ်ဝင်စားမှုနည်းပါးခြင်းသည် ဒုက္ခသည် အ များစုမှာ ကရင်ပြည်နယ်တွင် ရင်ဆိုင်ရမည့် မသေချာမရေရာမှုနှင့် ဘေးန္တရာယ်များထက် ဒုက္ခသည်စ ခန်း၏ ဘေး ကင်း လုံခြုံမှုကို ပိုမိုလိုလားကြသည်မှာပေါ်လွင်နေသည်။ ယခုအချိန်သည်ဒုက္ခသည်များ ဒေသခံအသိုင် း အ ဝိုင်း တွင် နေ သား ကျနေထိုင် နိုင်ရေးကိုစတင်စဉ်းစားအကောင်အထည်ဖော်ရန် အချိန်ဖြစ်ပါသည်။

ကရင်အမျိုးသမီးအစည်းအရုံး (KWO) သည် ဒုက္ခသည်များကိုထိုင်းနိုင်ငံ၏ နယ်နိမိတ်အတွင်းလုံခြုံဘေးကင်းစွာနေထိုင်ခွင့်ပေးထားသည့် ထိုင်းနိုင်ငံအစိုးရ၏ရက်ရောမှု၊ သဘောထားကြီးမှုအတွက် အထူးကျေးဇူးတင်ရှိပါသည်။ ကမ္ဘာ့နိုင်ငံအများအပြားတွင် ဒုက္ခသည်များအိမ်ရှင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးများတွင် အားဖြည့်ပါဝင်ကြသည့် နိုင်ငံသားများအဖြစ်ပြောင်းရွှေ့နေရာချကြသည်။ လွတ်လပ်၍ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ဒုက္ခသည်တို့၏ ဂုဏ်သိက္ခာကို မြင့်တင်ထိန်းသိမ်းနိုင်ပါသည်။ ဒုက္ခသည်များသည် မိမိတို့၏ မိသားစုများအတွက် ဝင်ငွေရှာဖွေနိုင်ရန် တရားဝင်အလုပ်လုပ်ပိုင်ခွင့်ကို လိုလားကြသည်။ အနာဂတ်ကိုမျှော်ကြည့်ပါက ဒုက္ခသည်များတွင်ရှိသောကျွမ်းကျင်မှုများသည် ထိုင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးပြုနိုင်မည်ဖြစ်သည့်အတွက် ထိုင်းနိုင်ငံ၏တိုးတက်ရေးတွင်သာမကမိမိတို့၏ မိသားစုစားဝတ်နေရေးအတွက် ပုံမှန်ဝင်ငွေရရှိနိုင်ရန် ဒုက္ခသည်စခန်းပြင်ပတွင် တရားဝင် အလုပ်လုပ်ပိုင်ခွင့်များရရှိလာနိုင်မည်ဟုမျှော်လင့်မိပါသည်။

ကရင်အမျိုးသမီးအစည်းအရုံး (KWO) ၏ အထွေထွေအတွင်းရေးမှူး နော်ကညောဖော က"ထိုင်းနိုင်ငံအနေနဲ့ သန်းနဲ့ချီတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို တရားဝင်အလုပ်လုပ်ခွင့်လက်မှတ်ထုတ်ပေးနိုင်တယ်ဆိုရင် နယ်စပ်တဝ လျှောက်မှာ နေထိုင် နေကြတဲ့ ဒုက္ခသည်တွေကိုလည်း စခန်းပြင်ပမှာအလုပ်ထွက်လုပ်နိုင်ဖို့ အလားတူအခွင့်အလမ်း တွေဖန်တီးပေးသင့် ပါတယ်၊ ဒီလိုလုပ်ဖို့အတွက်ဆိုရင် ထိုင်းနိုင်ငံအစိုးရအနေနဲ့ နလုံးသားကို ဖွင့်ပြီးလူ့အခွင့်အရေးနဲ့ ဒုက္ခသည်အခွင့်အရေး တွေကို လေးစားလိုက်နာဖို့၊ စာနာဖို့ လိုအပ်ပါတယ်" ဟုပြောသည်။

ထိုင်း-မြန်မာနယ်စပ်ရှိဒုက္ခသည်အသိုင်းအဝိုင်းအတွက် ရံပုံငွေများကို ၂၀၁၂ ခုနှစ်တွင် စတင်ဖြတ်တောက်ခဲ့ပြီး နှစ်စဉ် လျော့နည်းလာသည်။ ရံပုံငွေလျော့ကျလာခြင်းသည် အခက်အခဲများကို ကြံ့ကြံ့ခိုင် ရင်ဆိုင်နေကြသည့် ဒုက္ခသည်အသိုင်းအဝိုင်းနှင့် လစ်ဟာနေသည့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနေသည့် ဒေသခံအဖွဲ့အစည်းများအတွက် ပိုမိုကြပ်တည်းစေပါသည်။ Covid-19 နှင့်သက်ဆိုင်သည့် စိုးရိမ်၊ ကြောက်ရွံ့မှုများသည် ဒုက္ခသည်များ၏ ထိရှလွယ်မှုအခြေအနေကိုပိုမိုပေါ်လွင်စေပြီးသေးငယ်၊ ကျဉ်းကြပ်သည့် နေရာများတွင် လူအများနှင့် စုစည်းနေထိုင်နေကြရသည့် ဒုက္ခသည်များ အတွက် အိမ်တွင်းအောင်းရန်နှင့် လူစုလူဝေးများရှောင်ကျဉ်ရန် စီမံချက်များကိုလက်တွေ့ လိုက်နာအကောင်အထည်ဖော်ရန် မဖြစ်နိုင်သည့် အခြေအနေဖြစ်ပါသည်။ ဒုက္ခသည်များ၏ သွားလာလှုပ်ရှားမှု၊ အစားအသောက်နှင့် အလုပ် အကိုင်တို့ အပေါ်ထပ်ဆင့် ကန့်သတ်ခြင်းများကြောင့် မိမိတို့၏ဂုဏ်သိက္ခာများကို ဆက်လက်မြင့်တင်၊ ထိန်းသိမ်းနိုင်ရန် လုံလောက်သည့် ရံပုံငွေများရရှိရန် လိုအပ်နေပါသည်။

ထိုင်း-မြန်မာနယ်စပ်တွင် နေထိုင်နေကြသောဒုက္ခသည်များအတွက် ဒေသခံအ သိုင်းအဝိုင်းအကြားအခြေချနေထိုင် နိုင်ရန် စီမံပေးခြင်းကိုရေရှည်တည်တံ့သည့် ဖြေရှင်းချက်တရပ်အဖြစ် သတ်မှတ်ပေးနိုင်ရန် ထိုင်းနိုင်ငံအစိုးရကိုစတင် စည်းရုံးလှုံ့ဆော်ခြင်းများ ပြုလုပ်သွားရန်အလှူရှင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အေဂျင်စီများနှင့် နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်း များကို ကရင်အမျိုးသမီးအစည်းအရုံး (KWO) က တိုက်တွန်းလိုက်ပါသည်။ အထူးသဖြင့် ၎ ရေရှည်တည်တံ့သည့် ဖြေရှင်းချက်များလက်တွေ့အကောင်အထည်ဖော်ရန် မဖြစ်နိုင်သည့်အခြေအနေတွင် ကူညီထောက်ပံ့မှုများကိုနယ်စပ် ဒေသများ သို့ ပြန်လည်ဦးတည် ထောက်ပံ့သွားရန်လည်းတိုက်တွန်းလိုက်ပါသည်။ ဒုက္ခသည်များသည် လူသားများ ဖြစ်ကြသည်။ ဒု က္ခ သည်များသည်လည်း အကြောက်တရားနှင့်ကင်းလွတ်သည့်ဘဝနှင့် ခွဲခြားဆက်ဆံမှုမရှိသည့်အခွင့်အလမ်းများကိုရ ယူပိုင် ဆိုင်နိုင်သည့်အခွင့်အလမ်းများနှင့် ထိုက်တန်သည့်သူများဖြစ်ကြပါသည်။

**ဆက်သွယ်ရန်-**


KWO-ဒုဥက္ကဌ
နော်အဲလစ် (မြန်မာနှင့်ကရင်)ဘာသာ
ဖုန်း-၀၉၈-၈၁၄-၃၂၉၄

KWO-အထွေထွေအတွင်းရေးမှူး
နော်ကညောဖော (အင်္ဂလိပ်နှင့်ကရင်)ဘာသာ
ဖုန်း-၀၈၁-၀၂၉-၅၅၀၃